## နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် ပါရှိရမည့် အထောက်အထားများ

**(အသက်(၁၀)နှစ်ပြည့် (သို့မဟုတ်) (၁၈)နှစ်ပြည့် လျှောက်ထားခြင်း)**



၁။ အသက်(၁၀)နှစ်ပြည့် လျှောက်ထားခြင်းဖြစ်လျှင် ကာယကံရှင်နှင့်အတူ မိဘ (သို့မဟုတ်) အုပ်ထိန်းသူမှ လာရောက်ရမည်။ အသက်(၁၈)နှစ် လျှောက်ထားခြင်းဖြစ်ပါက ကာယကံရှင် ကိုယ်တိုင် လာရောက်ရမည်။

၂။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူတစ်စောင် ပါရှိရမည်။

၃။ မျိုးရိုးစဉ်ဆက်ဇယား ဖြည့်စွက်ပြီးသော ရှေ့ပြေးလျှောက်လွှာ ပါရှိရမည်။

၄။ အသက်အတွက် ကျောင်းထောက်ခံချက် (သို့မဟုတ်) မွေးစာရင်း မူရင်းနှင့် မိတ္တူ ပါရှိရမည်။

၅။ မိဘ(၂)ပါး ကိုင်ဆောင်ထားသော အထောက်အထား လက်မှတ် မူရင်းနှင့် မိတ္တူ ပါရှိရမည်။

၆။ ကာယကံရှင်၏ သွေးစစ်လက်မှတ် မူရင်း ပါရှိရမည်။

၇။ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၈။ (၀.၈လက်မ x ၀.၈လက်မ) အရွယ်ဓါတ်ပုံ(၄)ပုံ(မျက်မှန်မပါ) ပါရှိရမည်။

**(၂၈ ရက်အတွင်း ခြောက်ကျပ်ဖြင့် ဆောင်ရွက်ပေးမည်)**
**(ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်း မပြု (မပြု) ကြပါရန်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် ပါရှိရမည့် အထောက်အထားများ

**(အသက်(၁၀)နှစ်မှအသက်(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်လျှောက်ထားခြင်း)**

၁။ ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။

၂။ အိမ်ထောင်စုစာရင်း မူရင်းနှင့် မိတ္တူ(၁)စောင် ပါရှိရမည်။

၃။ ကာယကံရှင် ယခင်ကိုင်ဆောင်ခဲ့သော အသက် (၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား မူရင်းပါရှိရမည်။

၄။ မိဘ(၂)ပါး ကိုင်ဆောင်ထားသော အထောက်အထား လက်မှတ် မူရင်း/ မိတ္တူ ပါရှိရမည်။



၅။ ရပ်ကွက် /ကျေးရွာအုပ်စု အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၆။ (၀.၈လက်မ x ၀.၈လက်မ) အရွယ်ဓါတ်ပုံ(၄)ပုံ(မျက်မှန်မပါ) ပါရှိရမည်။

**(၂၈ ရက်အတွင်း သုံးကျပ်ဖြင့် ဆောင်ရွက်ပေးမည်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် ပါရှိရမည့် အထောက်အထားများ

**(နိုင်ငံသားစိစစ်ရေးကတ်ပြား (ပျောက်ဆုံး/ပျက်စီး) မိတ္တူ လျှောက်ထားခြင်း)**



၁။ ကာယကံရှင်၏ ဝန်ခံချက်နှင့် ကိုယ်တိုင်လာရောက် လျှောက်ထားရမည်။

၂။ မျိုးရိုးစဉ်ဆက်ဇယား ဖြည့်စွက်ပြီးသော ရှေ့ပြေးလျှောက်လွှာ ပါရှိရမည်။

၃။ ပျောက်ဆုံး/ပျက်စီး မိတ္တူ ထုတ်ပေးရန်လျှောက်လွှာ (ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်းသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် အမှန်တကယ် ပျောက်ဆုံးကြောင်း ရဲစခန်း ထောက်ခံချက်ပါရှိသော) ပုံစံ ထွေ-၄ ပါရှိရမည်။

၄။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံ မူရင်းနှင့် မိတ္တူ(၁)စောင်စီပါရှိရမည်။

၅။ မိဘ(၂)ပါး ကိုင်ဆောင်သော လက်မှတ်မူရင်း/မိတ္တူ ပါရှိရမည်။

၆။ ပျက်စီးပါက ပျက်စီးသည့် ကတ်ပြားမူရင်းနံပါတ် ပါရှိရမည်။

၇။ (၀.၈လက်မ x ၀.၈လက်မ) အရွယ်ဓါတ်ပုံ(၄)ပုံ(မျက်မှန်မပါ) ပါရှိရမည်။

**(၂၈ ရက်အတွင်း တစ်ဆယ်ကျပ်ဖြင့် ဆောင်ရွက်ပေးမည်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူများမှ သတိပြုလိုက်နာရမည့် အချက်များ

၁။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် တရားမဝင်ပြင်ခြင်း၊ ဖျက်ခြင်း၊ ရေးသွင်းခြင်း မပြုလုပ်ရ။

၂။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဓါတ်ပုံပျက်စီး/မထင်မရှားဖြစ်ပါက မိမိသဘောဖြင့် ဓာတ်ပုံလဲလှယ်ခြင်း၊ ကပ်ခြင်း မပြုလုပ်ရ။

၃။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား အခြားသူတစ်ဦးထံသို့ လွှဲပြောင်းကိုင်ဆောင်ခြင်း မပြုလုပ်ရ။

၄။ အခြားသူတစ်ဦးတစ်ယောက်၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားအား ကောက်ရ/တွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသို့ သွားရောက် အပ်နှံရမည်။

၅။ မိမိနေအိမ်မှ မြို့နယ်ကျော်ခရီးသွားလျှင် မိမိ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားအား တစ်ပါတည်း ယူဆောင်သွားရမည်။

၆။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးလျှင် နီးစပ်ရာ ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသို့ မိတ္တူထုတ်ပေးခွင့်ကို ကိုယ်တိုင် လျှောက်ထားရမည်။

၇။ လူတစ်ဦးတစ်ယောက်တည်း နံပါတ်တစ်ခုထက်ပို၍ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထား ကိုင်ဆောင်ထားကြောင်း တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်း ခံရမည်။

## (၁၉၈၂)ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ(၁၈)

နိုင်ငံသားတစ်ဦးသည် မဟုတ်မမှန် ဖော်ပြခြင်း၊ သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရရှိပါက နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း ခံရမည့် အပြင် ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် ငွေဒဏ်ကျပ်ငါးသောင်း ကိုလည်း ကျခံ စေရမည်။

### ၄င်းအပြင်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ( ၄၂၀/၄၆၈ ) ဖြင့်လည်း တရားစွဲဆို အရေးယူခြင်း ခံရပါမည်။

## (၁၉၈၂)ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ(၁၉)

နိုင်ငံသားတစ်ဦးသည် မသမာသော နည်းလမ်းဖြင့် နိုင်ငံသားလက်မှတ်၊ သို့မဟုတ် ဧည့်နိုင်ငံသား လက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်ကို သူတစ်ဦးရရှိရန် အားပေး ကူညီလျှင်ထောင်ဒဏ်ခုနစ်နှစ်နှင့်ငွေဒဏ် ကျပ်တစ်သောင်း ကို ကျခံစေရမည်။

### ၄င်းအပြင်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၁၀၉)ဖြင့်လည်း တရားစွဲဆို အရေးယူခြင်း ခံရပါမည်။

## (၁၉၅၁)ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေပုဒ်မ ၂၉(၁)

သက်သေခံကတ်ပြား၊ သို့တည်းမဟုတ် ယာယီ သက်သေခံလက်မှတ်ရရှိပြီးသူသည်အခြားသူတစ်ဦး တစ်ယောက်၏ အုပ်ထိန်းခြင်းခံရသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိမှတ်ပုံတင်ထားသည့် လိပ်စာတည်ရာ မြို့နယ်၏ နယ်နိမိတ် ပြင်ပသို့ ထွက်ခွာလျှင် အဆိုပါကတ်ပြားကို သို့တည်းမဟုတ် လက်မှတ်ကို မိမိနှင့်အတူ ယူဆောင်သွားရမည်။

## (၁၉၄၉)ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၆(၃)

ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှား စီရင်သောအခါ နှစ်နှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ ငွေငါးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ငွေဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ရမည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

UNHCR
The UN Refugee Agency

# နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများ

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

## မွေးဖွားသူအမည် စာရင်းတိုးခြင်း



၁။ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် နိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ်ပြည့်ပြီးသူ တစ်ဦးအား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက် ပါရှိရမည်။

၂။ အိမ်ထောင်ဦးစီး၏ လျှောက်လွှာပါရှိရမည်။

၃။ မိဘနှစ်ပါး၏ အမည်ပါရှိသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံ မူရင်းနှင့် မိတ္တူ ပါရှိရမည်။

၄။ မိဘနှစ်ပါး အိမ်ထောင်စုလူဦးရေစာရင်း သီးခြားတစ်ခုစီ ရှိပါက လူဦးရေတိုးမည့်မိဘ၏ အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူနှင့် လူဦးရေစာရင်းတိုးရန်မလိုသည့် မိဘ၏ အိမ်ထောင်စုလူဦးရေ စာရင်း မိတ္တူ ပါရှိရမည်။

၅။ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

၆။ မွေးဖွားကြောင်း ပုံစံထွ-၁(က) (သို့မဟုတ်) မွေးစာရင်း လက်မှတ် မူရင်းနှင့် မိတ္တူ ပါရှိရမည်။

(နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးမည်)

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

## သေဆုံးသူအမည်စာရင်း ပယ်ဖျက်ခြင်း



၁။ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် နိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ် ပြည့်ပြီးသူ တစ်ဦးအား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့် ထောက်ခံချက်ပါရှိရမည်။

၂။ သေဆုံးကြောင်း ပုံစံထွ-၂(က) (သို့မဟုတ်) သေဆုံးကြောင်း လက်မှတ် မူရင်း၊ မိတ္တူ ပါရှိရမည်။

၃။ တိုင်ကြားသူနှင့် သေဆုံးသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံ မူရင်း၊ မိတ္တူ ပါရှိရမည်။

၄။ သေဆုံးသူသည် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

(နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးမည်)

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

## သီးခြားအိမ်ထောင်စုခွဲထွက်ခြင်း



၁။ ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက် လျှောက်ထားရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် နိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက် (၁၈)နှစ် ပြည့်ပြီးသူ တစ်ဦးအား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာမှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့် ထောက်ခံချက်ပါရှိရမည်။ ၎င်းနည်းတူ ကာယကံရှင်ကိုယ်တိုင် နိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်က ကိုယ်စားလှယ်လွှဲစာဖြင့် ဆောင်ရွက်နိုင်သည်။

UNHCR The UN Refugee Agency

၂။ အိုးခွဲ၊ အခန်းခွဲ၊ ခေါင်ခွဲ၊ စီးပွားခွဲ စသည့် ခွဲ(၄)ခွဲနှင့် ညီညွတ်ရမည်။

၃။ အိမ်ထောင်ဦးစီး၏ သဘောတူ ဝန်ခံချက်ပါရှိရမည်။

၄။ လျှောက်ထားသူနှင့် အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စုလူဦးရေ စာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူပါရှိရမည်။

၅။ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

(နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးမည်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

---

## အိမ်ထောင်စုလူဦးရေစာရင်းအတွက် သတိပြုလိုက်နာရမည့် အချက်များ

၁။ မိမိလက်ဝယ်ရှိ အိမ်ထောင်စုလူဦးရေ စာရင်းတွင် မိမိသဘောဆန္ဒဖြင့် တရားမဝင် ပြင်ခြင်း၊ ဖျက်ခြင်း၊ ရေးသွင်းခြင်း မပြုလုပ်ရ။

၂။ မိမိသဘောဆန္ဒအလျောက် လူဦးရေတိုးခြင်း၊ လျှော့ခြင်း မပြုလုပ်ရ။

၃။ ကလေး မွေးဖွားလျှင် မိမိသဘောဖြင့် တရားမဝင် ကလေးအမည် ထည့်သွင်းခြင်း မပြုလုပ်ရ။

၄။ မိမိအိမ်ထောင်စုမှ တစ်ဦးတစ်ယောက် သေဆုံးခဲ့သော် မိမိသဘောအလျောက် တရားမဝင် ပယ်ဖျက်ခြင်း မပြုလုပ်ရ။

၅။ ဖော်ပြပါ အချက်များ ပြင်ဆင်၊ ဖြည့်စွက်လိုပါက သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသို့ အိမ်ထောင်ဦးစီး ကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

၆။ အိမ်ထောင်စုလူဦးရေစာရင်းအား လိပ်စာ တစ်ခုထက်ပို၍ ရယူကိုင်ဆောင်ထားကြောင်း တွေ့ရှိပါက ဥပဒေနှင့် အညီ အရေးယူခြင်းခံရမည်။

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

## အိမ်ထောင်စုအလိုက် ပြောင်းဝင်ခြင်း



၁။ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်။ အိမ်ထောင်ဦးစီးကိုယ်တိုင် မလာရောက်နိုင်ပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် အိမ်ထောင်စုဝင်များထဲမှ အသက်(၁၈)နှစ် ပြည့်ပြီးသူ တစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက် ပါရှိရမည်။

၂။ အိမ်ထောင်ဦးစီး၏ လျှောက်လွှာ ပါရှိရမည်။

၃။ နောက်ဆုံးနေထိုင်ခဲ့သော မြို့နယ်မှ ပြောင်းရွှေ့လာသည့် ပုံစံ(၁၀)ပါရှိရမည်။

၄။ ဝင်ရောက်နေထိုင်လိုသည့် လိပ်စာမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၅။ ပြောင်းဝင်မည့် အိမ်ခန်း (သို့မဟုတ်) အိမ်အား ပိုင်ဆိုင်သည့် အထောက်အထား မူရင်း/ မိတ္တူ ပါရှိရမည်။ ပိုင်ဆိုင်သည့် အထောက်အထား မပြနိုင်ပါက လိပ်စာပါနေရာတွင် မည်သည့် အခြေအနေဖြင့် နေထိုင်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

(နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးမည်)
(ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်း မပြု (မပြု) ကြပါရန်)

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

## အိမ်ထောင်စုအလိုက် ပြောင်းထွက်ခြင်း



၁။ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ်ပြည့်ပြီးသူတစ်ဦးအား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက် ပါရှိရမည်။

၂။ အိမ်ထောင်ဦးစီး၏ လျှောက်လွှာ ပါရှိရမည်။

၃။ ပြောင်းထွက်မည့်သူများ အမည်ပါရှိသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူ ပါရှိရမည်။

၄။ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

(နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးမည်)

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

## အိမ်ထောင်စုလူဦးရေတိုးခြင်း



၁။ ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထားရမည်၊ သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ် ပြည့်ပြီးသူတစ်ဦးအား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့် ထောက်ခံချက် ပါရှိရမည်။ ၎င်းနည်းတူ ကာယကံရှင်ကိုယ်တိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ဆောင်ရွက်နိုင်သည်။

၂။ ကာယကံရှင်၏ လျှောက်လွှာ ပါရှိရမည်။

၃။ နောက်ဆုံးနေထိုင်သော မြို့နယ်မှပြောင်းရွှေ့လာသည့် ပုံစံ(၁၀)ပါရှိရမည်။

၄။ လက်ခံမည့် အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက် ပါရှိရမည်။

၅။ အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်း ပါရှိရမည်။

၆။ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ရောက်ရှိနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

(နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးမည်)

# အိမ်ထောင်စုလူဦးရေစာရင်းအတွက် ပါရှိရမည့် အထောက်အထားများ

## အိမ်ထောင်စုလူဦးရေလျော့ခြင်း



၁။ ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထားရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့်မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ် ပြည့်ပြီးသူ တစ်ဦးအားအိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့် ထောက်ခံချက် ပါရှိရမည်။ ၎င်းနည်းတူ ကာယကံရှင်ကိုယ်တိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ဆောင်ရွက်နိုင်သည်။

၂။ အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက် ပါရှိရမည်။

၃။ လျှောက်ထားသူနှင့် အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စု လူဦးရေစာရင်းအိမ်လက်ခံ မူရင်း၊ မိတ္တူ ပါရှိရမည်။

၄။ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

(နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးမည်)